# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 7 , 2024 — Volume 76, Number 5


၇.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၅၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၆၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းသစ်များ ပွင့်လန်းစေမည့် ငှက်ပျောချည်မှ တန်ဖိုးမြှင့်ထုတ်ကုန် သင်တန်းဖွင့်လှစ်မည်




အလုပ်အကိုင်နှင့် စီးပွားရေး အခွင့်အလမ်းသစ်များ ပွင့်လန်းစေမည့် ငှက်ပျောချည်မှ တန်ဖိုးမြှင့်ထုတ်ကုန်သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင် အထူးစိုက်ပျိုးမွေးမြူရေးဇုန် (၂)ရှိ KSC အော်ဂဲနစ်ဥယျာဉ်၌ မတ်လ ၉ ရက်မှ ၁၆ ရက် အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငှက်ပျောပင်ထွက် စွန့်ပစ်ပစ္စည်းများကိုအခြေခံ၍ ဒေသခံငှက်ပျောစိုက် တောင်သူများနှင့်အမျိုးသမီးများ မိမိနေအိမ်အတွင်း အိမ်တွင်းလက်မှုလုပ်ငန်းအဖြစ် စီးပွားရေး အခွင့်အလမ်းသစ်များရရှိစေရန်နှင့် မြန်မာ့လက်မှုပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။ ငှက်ပျောချည်မှ တန်ဖိုးမြှင့်ထုတ်ကုန်အခြေခံသင်တန်းကို နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ပိတ်ရက်မရှိ ရှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလတွင် ငှက်ပျောပင်မှ ချည်ထုတ်ခြင်း၊ ငှက်ပျောစက္ကူ ထုတ်ခြင်း၊ ဖိနပ်၊ ဖျာ၊ အိတ်မျိုးစုံနှင့် ဦးထုပ်မျိုးစုံ ထုတ်လုပ်မှုတို့ကို လက်တွေ့လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး အခြေခံသင်တန်းပြီးဆုံးပါက အဆင့်မြင့်သင်တန်းဖြစ်သော ငှက်ပျောချည်ဖြင့် ရက်ကန်းရက်ခြင်း၊ ဂျပ်ခုတ်ရက်ခြင်း၊ ချည်ထုတ်ယူခြင်း၊ ပိတ်စထုတ်ခြင်း၊ ပဝါထုတ်ယူခြင်း စသည့် နည်းပညာရပ်များကိုလည်း ၁၅ ရက်ကြာ လေ့ကျင့်သင်ကြားပေးသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။

အဆိုပါသင်တန်းသည် ရန်ကုန်တိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မန္တလေးတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့မှ စိတ်ပါဝင်စားသူများ တက်ရောက်ကြမည်ဖြစ်ကာ ယခင်က ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဖွင့်လှစ်ခဲ့၍ အိမ်တွင်းလက်မှုလုပ်ငန်း လုပ်ကိုင်နိုင်သူဦးရေ ၁၀၀၀ ခန့်ကို မွေးထုတ်ပေးခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံအချို့တွင် စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိရာ မြန်မာ့လက်မှုပစ္စည်းများဖြစ်သည့် ငှက်ပျောချည်မှ တန်ဖိုးမြှင့်ပစ္စည်းများကို ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ပစ္စည်းနမူနာများပေးပို့ထားပြီး မှာယူမှုနှင့်အညီတင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

“စွန့်ပစ်ပစ္စည်း ငှက်ပျောချည်ကနေ တန်ဖိုးမြှင့်ပစ္စည်းထုတ်လုပ်မှုဟာ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုအနေနဲ့ စီးပွားရေး အခွင့်အလမ်းကို ပွင့်လန်းစေပါတယ်။ ပြည်ပနိုင်ငံအချို့ကို မြန်မာနိုင်ငံက ရက်လုပ်တဲ့ပစ္စည်းတွေ နမူနာပို့ထားတာရှိတယ်။ မှာယူမှုရှိပေမဲ့ ကုန်ချောများများ ထုတ်လုပ်နိုင်အောင် သင်တန်းများများပေး မွေးထုတ်နေပြီး အလုပ်ရုံ၊ စက်ရုံကို ၂၀၂၄ ခုနှစ်မှာ ပဲခူးတိုင်းဒေသကြီးနဲ့ မော်ဘီမှာ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းနေရတဲ့အတွက် စက်ရုံတည်ထောင်ပြီးရင် စီးပွားဖြစ် ထုတ်လုပ်တင်ပို့နိုင်ပါပြီ။ မွေးထုတ်ပေးခဲ့တဲ့ သင်တန်းသားတွေက ပြန်လည်တင်သွင်းတဲ့ ကုန်ချောတွေကိုယူပြီး ဈေးကွက်အတွင်း ဖြန့်ချိဖို့စီစဉ်ထားပါတယ်။ အခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် ငှက်ပျောပင်တစ်ခုတည်းက မဟုတ်ဘဲ ဇေဒါ၊ ကွမ်း၊ အုန်းပင်ထွက် စွန့်ပစ်ပစ္စည်းကနေ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ဖို့ “လက်မှုရွာ” ကို တည်ထောင်ဖို့ အထိ ပြင်ဆင်နေပါတယ်။ လက်မှုပညာရှင်တွေလည်း စုစည်းထားပြီးပါပြီ။ အဓိက နိုင်ငံ့စီးပွားကို မြှင့်တင်စွမ်းဆောင်ရာမှာ မိမိတို့နိုင်ရာ ကဏ္ဍအသီးသီးကနေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ခရီးသွားကဏ္ဍမှာ ပြည်တွင်းလက်မှုပစ္စည်း ထုတ်လုပ်မှု ဟန်ချက်ညီမယ်ဆိုရင် နိုင်ငံခြားဝင်ငွေ လှိုင်လှိုင်ရရှိစေမယ်လို့လည်း ယုံကြည်ပါတယ်။ အခုလို ဖွင့်လှစ်နိုင်အောင် အားပေးမြှင့်တင်ပေးခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးအထူးတင်ပါတယ်“ ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းကပြောသည်။

ပြည်ပနိုင်ငံများတွင် ငှက်ပျောလျှော်မှ ကျည်ကာအင်္ကျီ၊ အသံလုံခန်းတွင် အသုံးပြုသည့်စက္ကူ၊ ရေစိုခံစက္ကူနှင့် လူသုံးကုန် ပစ္စည်းမျိုးစုံတို့ကို ထုတ်လုပ်အသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံမှ ငှက်ပျောချည်ထုတ်လုပ်သူများကလည်း တီထွင်ကြံဆမှုနှင့် အတူ တန်ဖိုးမြှင့်အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် စိတ်အားထက်သန်လျက်ရှိကြောင်းနှင့် ယခုဖွင့်လှစ်သည့် သင်တန်းအား Green Banana Myanmar ၊ KSC Creation Co.,Ltd.၊ Women in Logistics and Transport နှင့် The Chartered Institute of Logistics and Transport တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ထန်းလက်တောင်းတွေ ရောင်းအားကောင်းပေမဲ့ ကုန်ကြမ်းရှားပါးမှုကြောင့်အခက်တွေ့နေ




ထန်းလက်နဲ့ပြုလုပ်ထားတဲ့ တောင်းတွေက လတ်တလောရောင်းအားကောင်းနေပေမဲ့ ကုန်ကြမ်းရှားပါး ပြတ်လပ်မှုကြောင့်အခက်တွေ့နေရတယ်လို့ အညာဒေသရှိ တောင်းရက်လုပ်ရောင်းချသူတွေက ပြောပါတယ်။

အညာဒေသထွက်ကုန်တစ်ခုဖြစ်တဲ့ ထန်းလက်တောင်းတွေဟာ သစ်သီးဝလံတွေ သယ်ဆောင်ရာမှာအသုံးပြုလေ့ရှိပြီး ပြည်တွင်းမှာပဲ အဓိကသုံးစွဲကြတာဖြစ်ပါတယ်။

"ကုန်ကြမ်းကအခြေအနေအရ လိုသလောက်မရဘူးဗျ။ ကြိုတင်ငွေပေးထားတာတောင်ရဖို့မလွယ်ဘူး။ ထန်းလက် အဓိကထွက်တဲ့နေရာတွေမှာက မတည်ငြိမ်ဘူးလေ။ တောင်းက လက်မလည်အောင်ရောင်းရတယ်။ ဒါပေမဲ့ ကုန် ကြမ်းမရှိလို့ တစ်ခါတလေရပ်နေရတာရှိတယ်"လို့ တံတားဦးမြို့နယ်က ထန်းလက်တောင်းပြုလုပ်ရောင်းချသူတစ်ဦးကပြောပါတယ်။

အရင်က ရောင်းတန်းဝင်ထန်းလက်တောင်းတစ်လုံးကို ငွေကျပ် ၅၀၀၀ ဝန်းကျင်ပဲရရှိရာ လက်ရှိအချိန်မှာ ငွေ ကျပ် ၇၀၀၀ ကျော်အထိဈေးနှုန်းတွေမြင့်တက်နေပေမဲ့ ဝယ်လိုအားကကျဆင်းသွားတာမရှိဘူးလို့ တောင်းရက်သူတွေကဆိုပါတယ်။

ဒါပေမဲ့ ကုန်ကြမ်းအများဆုံးရရှိတဲ့ မြင်းခြံမြို့နယ်နဲ့ငါန်းဇွန်မြို့နယ်တွေမှာ နယ်မြေမတည်ငြိမ်မှုတွေကြောင့် ထန်းလက် ကုန်ကြမ်းတွေရရှိမှုနည်းပါးသွားသလို သယ်ယူပို့ဆောင်ခတွေမြင့်မားနေတာကြောင့် ကုန်ကြမ်းဈေးနှုန်းတွေကလည်း ၂ ဆနီးပါး အထိမြင့်တက်နေတယ်လို့ သိရပါတယ်။

Source: mdn.gov.mm

https://t.me/htwettoe

## ပြည်ဈေးကွက်တွင် နှမ်းဈေးနှုန်းများ ဆက်လက်မြင့်တက်



ပြည်ဈေးကွက်တွင် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် နှမ်းဈေးများမြင့်တက်လာခဲ့ပါသည်။

ထိုသို့ နှမ်းဈေးများ မြင့်တက်လာရခြင်းမှာ နှမ်းဝင်ရောက်မှုနည်းသွားပြီး ဝယ်လိုအားများလာသဖြင့် နှမ်းဈေးများ မြင့်တက်လာသည်ဟု သိရသည်။

နှမ်းနီလက်ကျန်ရှားပါးလာပြီး ဆီကြိတ်ရန် ဆီစက်သမားများက ဝယ်ယူမှုရှိ၍ ဈေးနှုန်းမြင့်တက်ခဲ့ကာ နှမ်းနက်နှင့်စမုံနက်နှမ်းမှာ ပြည်ပသို့တင်ပို့ရန်ဝယ်ယူမှုရှိ၍ ဈေးနှုန်းများ မြင့်တက်လာသည်ဟု သိရပါသည်။ နှမ်းဈေးနှုန်းများ အနေဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် နှမ်းနီ(၃)တင်းဝင်တစ်အိတ်လျှင် ၃,၄၀,၀၀၀ ကျပ်၊ နှမ်းနက်(၃)တင်းဝင် တစ်အိတ်လျှင် ၃,၇၀,၀၀၀ ကျပ်နှင့် စမုံနက်နှမ်း (၃) တင်းဝင်တစ်အိတ်လျှင် ၃,၅၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် နှမ်းနီ (၃)တင်းဝင်တစ်အိတ်လျှင် ၂,၈၅,၀၀၀ ကျပ်၊ နှမ်းနက်(၃)တင်းဝင် တစ်အိတ်လျှင် ၃,၀၀,၀၀၀ ကျပ်နှင့် စမုံနက်နှမ်း(၃)တင်းဝင်တစ်အိတ်လျှင် ၃,၄၀,၀၀၀ ကျပ်ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုဖေဖော်ဝါရီလ နောက်ဆုံးပတ်ဈေးနှုန်းတို့နှင့်နှိုင်းယှဉ်လျှင် နှမ်းနီ(၃)တင်းဝင်တစ်အိတ်လျှင် ၅၅,၀၀၀ကျပ်၊ နှမ်းနက် (၃)တင်းဝင်တစ်အိတ်လျှင် ၇၀,၀၀၀ကျပ်နှင့် စမုံနက်နှမ်း(၃)တင်းဝင်တစ်အိတ်လျှင် ၁၀,၀၀၀ ကျပ်တို့ဖြင့် ဈေးနှုန်းများ မြင့်တက်လာခဲ့ပါသည်။ ဈေးနှုန်းများမြင့်တက်လာသော်လည်း အရောင်းအဝယ်မှာ ပစ္စည်းလက်ကျန်နည်း၍ ဖြစ်သင့်သလောက် မဖြစ်ဘဲ အနည်းငယ်သာမြင့်တက်ကြောင်းနှင့် နှမ်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၄,၅၀၀ကျပ်ဖြင့် ဈေးနှုန်းမြင့်တက်လာခဲ့ ကြောင်း သိရသည်။

**Source:** https://www.doca.gov.mm

**myantrade.gov.mm**

## စတော်ဘယ်ရီသီးများ ရောင်းအားကောင်း



စတော်ဘယ်ရီသီးများကို ယခင်က တောင်ပေါ်ဒေသတွင် စိုက်ပျိုးခဲ့ပြီး ယခုအခါတွင် တောင်ပေါ်၊ မြေပြန့်နေရာဒေသအသီးသီးတွင် စိုက်ပျိုးလာကြ ကြောင်း၊ တောင်ပေါ်ဒေသဖြစ်သည့် ပြင်ဦးလွင်မြို့တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။ ယခုရာသီချိန်တွင် စတော်ဘယ်ရီသီးများ ထွက်ပေါ်လာပြီဖြစ်၍ ဈေးကွက်အတွင်းရောင်း အားကောင်းနေကြောင်း၊ စတော်ဘယ်ရီသီးများမှ ဒေသမျိုး၊ ထိုင်ဝမ်မျိုးနှင့် ဂျပန်မျိုးဟူ၍ရှိရာ ဒေသသီးခေါ် အလုံးသေးအသီးများသာမက ခပ်ပြားပြား သဏ္ဌာန်ရှိပြီး အရသာချဉ်သော ထိုင်ဝမ်သီးများနှင့် အလုံးကြီးပြီးချိုသော ဂျပန်သီးများကို အဓိကစိုက်ပျိုးကြကြောင်း သိရပါသည်။

စတော်ဘယ်ရီသီးများကို သစ်သီးပွဲရုံများသို့ ဒေသမျိုးတစ်ပိဿာလျှင် ၈၀၀၀ ကျပ်၊ ထိုင်ဝမ်မျိုး တစ်ပိဿာလျှင် ၁၃,၀၀၀ ကျပ်၊ ဂျပန်မျိုး တစ်ပိဿာလျှင် ၁၅,၀၀၀ ကျပ်ဈေးဖြင့်ရောင်းချပြီး မန္တလေးနှင့်အခြားမြို့များသို့လည်း တင်ပို့ရောင်းချကြောင်း၊ ပြင်ဦးလွင်မြို့သို့ အပန်းဖြေအလည်အပတ်ရောက်ရှိလာသည့် ဧည့်သည်များနှင့် ခရီးသွားပြည်သူများကလည်း အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူပြီး၊ စားသောက်ဆိုင်များမှလည်းဝယ်ယူကြ၍ စားသုံးသူများမှလည်း ဖျော်ရည်များပြုလုပ်သောက်သုံးရန် ဝယ်ယူကြသည့်အတွက် ဈေးကွက်အတွင်း ရောင်းအားကောင်းသောကြောင့် စတော်ဘယ်ရီစိုက်ပျိုးသူများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source:** https://www.doca.gov.mm

**myantrade.gov.mm**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငရုတ်ပွသီးပိဿာချိန် ၅၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငရုတ်ပွသီးပိဿာချိန် ၅၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ငရုတ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းကပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ငရုတ်ပွသီးပိဿာချိန် ၄၃,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့ထိ ငရုတ်ပွသီးပိဿာချိန် ၅၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၁၁,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

“ပန်းတနော်မြို့နယ်က လက်ရှိငရုတ်ပွသီးပဲမဟုတ်ဘဲ အခြားငရုတ်သီးတွေလဲ တင်ပို့ရောင်းချနေရပါတယ်။ ပန်းတနော်ကနေထွက်တဲ့ ငရုတ်ပွသီးတွေကို ဒေသဈေးအပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်”ဟု ပန်းတနော်မြို့နယ် ငရုတ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့်ငရုတ်ပွသီးများကို စနစ်တကျရွေးချယ်သန့်စင်ထုပ်ပိုးပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသထွက် တောင်သူများသည် ငရုတ်ပွသီးအပြင် ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ဖရဲသီး၊ နာနတ်သီး၊ ကြံ၊ ခရမ်းချဉ်သီး စသည့်သီးနှံအမျိုးအစားများကိုလည်း စိုက်ပျိုးကြကြောင်း၊ အဆိုပါ ငရုတ်ပွသီးကို တောင်သူတစ်ဦးလျှင် တစ်ဧကမှငါးဧကထိ စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

**myantrade.gov.mm**

## မိုးနဲမြို့နယ်၌ ဆောင်းသီးနှံနေကြာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်ရှိ ကျေးရွာများ၌ စိုက်ပျိုးထားသော ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေကြာအောင်စေ့များ ရရှိရန်နှင့် ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း ဝမ်ယေးကျေးရွာနေ ဆောင်းနေကြာစိုက်ပျိုးသူ ဦးမျိုးအောင်၏ ပြောပြချက်အရ သိရသည်။

မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာကို ယခင်က စိုက်ပျိုးသူနည်းပါးသော်လည်း ယခုအခါ စားသုံးဆီဖူလုံရေးနှင့် မိသားစုအပိုဝင်ငွေ ရရှိရေးအတွက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ နေကြာကို သီးထပ်၊ သီးညှပ်စိုက်ပျိုးသည့်အပြင် နေကြာတစ်မျိုးထဲလည်း စိုက်ပျိုးကြကြောင်း၊ ဆောင်းနေကြာကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးကြကြောင်း၊ သက်တမ်းလေးလကြာလျှင် ဆွတ်ခူးနိုင်ကြောင်း၊ ယခုနှစ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရေဆင်း-၁ မျိုးနေကြာ မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် တောင်သူများ လက်ဝယ်အရောက်

နေကြာမျိုးစေ့များ ဖြန့်ဝေပေးကြောင်းနှင့် ထွက်ရှိလာသည့်နေကြာများကို ကြိတ်စက်များဖြင့်ကြိတ်ကာ မိသားစုစားသုံးရန် အပြင် ပြန်လည်ရောင်းချကြောင်း သိရသည်။

ယခုနှစ်တွင် ဆောင်းနေကြာကို မိုးနဲမြို့နယ်အတွင်းရှိ ဝမ်ပေါကျေးရွာ၊ ဝမ်ယေးကျေးရွာ၊ ပန်အူကျေးရွာ၊ နားခံကျေးရွာနှင့် ဆိုက်ဖယ်ကျေးရွာတို့၌ အများဆုံးစိုက်ပျိုးကြကာ ဆောင်းနေကြာ ၄၃ ဧကကျော် စိုက်ပျိုးထားရှိပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှလည်း နည်းပညာနှင့်သွင်းအားစုများကို ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

**myantrade.gov.mm**

## ၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ကနဦးခန့်မှန်းထားသည့်အတိုင်း ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟု တောင်ကိုရီးယားဗဟိုဘဏ်ထုတ်ပြန်

၂၀၂၃ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွား ရေးအားနည်းလာခြင်း၊ ပို့ကုန်တင်ပို့မှုအားနည်းခဲ့ခြင်း၊ အိမ်ထောင်စုများ၏ ကြွေးမြီမြင့်တက်လာခြင်း၊ တောင်ကိုရီးယားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံကြီးများတွင် ငွေကြေးမူဝါဒတင်းကျပ်မှုများ ဆောင်ရွက်လာကြခြင်း၊ ကမ္ဘာ့ဒေသအချို့တွင် ပထဝီနိုင်ငံရေး တင်းမာမှုများ ရှိနေခြင်း၊ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများမြင့်မားလာခြင်းစသည်တို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ကနဦး ကတည်းက ခန့်မှန်းထားသည့်အတိုင်း ၁ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်ဟု တောင်ကိုရီးယားဗဟိုဘဏ်က ၅-၃-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်တွင် ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည့်အပြင် ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သော်လည်း ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ သို့သော် ကမ္ဘာ့ကပ်ရောဂါကာလဖြစ်သည့် ၂၀၂၀ ပြည့်နှစ်က စီးပွားရေး ဝ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့မှုနှင့် နှိုင်းယှဉ်လျှင် တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။ ပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းဝယ်လိုအား ပြန်လည်အားကောင်းလာခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေး ပြန်လည်အားကောင်းလာခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်က တိုးတက်နှုန်းဖြစ်သည့် ၃ ဒသမ ၄ ရာခိုင်နှုန်းထက် လျော့နည်းနေဆဲဖြစ်သည်။ လူတစ်ဦးချင်းသုံးစွဲနှုန်းသည်လည်း ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းသာတိုးတက်ခဲ့ရာ ၂၀၂၂ ခုနှစ်က တိုးတက်နှုန်းဖြစ်သည့် ၄ ဒသမ ၁ ရာခိုင်နှုန်းထက် လျော့နည်းခဲ့ သည်။ သို့ဖြစ်၍ တောင်ကိုရီးယားဗဟိုဘဏ်သည် ပြည်တွင်း၌ အတိုးနှုန်းမြှင့်တင်မှုကို ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ ၇ ကြိမ်ဆက်တိုက် ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်မှုသည် မျှော်လင့်ထားသည်ထက် နှေးကွေးလာသည့်အပြင် အိမ်ထောင်စုများ၏ ကြွေးမြီမြင့်တက်လာခြင်းကြောင့် အတိုးနှုန်းကို ၃ ဒသမ ၅ ရာခိုင်နှုန်းတွင်သာ ထားရှိနေရသည်မှာ ၉ ကြိမ် ဆက်တိုက်ရှိပြီဖြစ်သည်။

**Source:** https://www.koreaimes.co.kr/www/biz/2024/03/488_369996.html

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

# STOCK EXCHANGE (7.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 6th Mar. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 1,115 | 9,143,000 | 33,109,694 | 271,500 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 1,323 | 3,841,700 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 54 | 415,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,550 | 1,550 | 1,500 | 68 | 105,250 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 3 | 7,500 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 225 | 393,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 0 | 0 | 10,497,598 | 50,389 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 833 | 1,457,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Mar. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.21 | -0.28 | -0.08% | 355.49 | 355.49 | 354.18 | 3,621 | 15,364,750 | 8 | 669,992 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

### Main Board

As of 1:00 pm, 6th Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,621 (Shares) | 15,364,750 (MMK) |

| MYANPIX | 355.21 ▼ 0.28 |
|---|---|
| Total Volume (shares) | 3,621 |
| Total Value (MMK) | 15 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,992 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▼ 50 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |